# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး
# ၁၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၇- ၈ - ၂၀၁၆ ]
# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team အဖွဲ့) ဖျက်သိမ်းပြီးနောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ နေ၍ တရားမဝင်သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမို ပို့ဆောင်နေကြခြင်းများအား တားဆီးထိန်းချုပ် အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျားနင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် သရက်တပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတို့တွင် နှစ်ထပ်(RC)ကျောင်းဆောင်သစ်တစ်ဆောင်စီ ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)များ မရရှိသေးသော ကျေးရွာများတွင် ကျောင်းများ အမြန်ဆုံး ဖွင့်လှစ်ပေးရန်နှင့် ဆရာ၊ ဆရာမများ လစ်လပ်နေသော ကျောင်းများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အချိန်မီ ချထားပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုဒေသကောလိပ် ကျောင်းဟောင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံပြီး ပညာသင်ကြားရေးအတွက် အသုံးပြုရန် စီမံဆောင်ရွက်ထားခြင်း** ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/ ဆရာမများ၊ ကျောင်းအုပ်ဆရာကြီး အပါအဝင် ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ခြင်းများကို နွေရာသီကျောင်းပိတ်ချိန်တွင် ပြုလုပ်ပြီး နှစ်စဉ် မေလ (၂၅)ရက်နေ့တွင် အလုပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကို အခြေခံပညာဦးစီးဌာနတွင် ဆရာ/ဆရာမများအဖြစ် ခေါ်ယူရန်အတွက် စဉ်းစားပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။